

မင်းတခေတ်

# ပန်းချီဆရာတစ်ခွက်

လုံးချင်းဝတ္ထု

ဤ "ပန်းချီဆရာတစ်ခွက်" ဝတ္ထုသည် မူရင်းအမည်မှာ "နှလုံးသွေးပန်းချီ" ဖြစ်ပြီး ဗီဒီယိုကား အဖြစ် မိမိကိုယ်တိုင် ဇာတ်ညွှန်းရေးချိန်မှာ အမည် ပြောင်းလဲခဲ့ခြင်း ဖြစ်ပါသည်။

ထိုဇာတ်ကားကို အောင်ရဲလင်း၊ မြတ်သူကျော်၊ အကယ်ဒမီ ပိုင်ဖြိုးသုတို့ နှင့် ရိုက်ကူး ထွက်ရှိခဲ့ပြီး ဖြစ်ပါသည်။

## အမှတ်တရကျေးဇူး

၂၀၀၅ ခုနှစ်၊ ကျွန်တော် "မကွေး ကွန်ပျူတာတက္ကသိုလ်" တက်ရောက်နေစဉ် သူငယ်ချင်း "အောင်ဖုန်းမြင့်" မှ ပြောပြခဲ့သော ပါးစပ်ပြောဇာတ်လမ်းလေးအား မိမိ၏ စာရေးခြင်း အနုပညာဖြင့် ထပ်ဆင့်ဖန်တီးရေးသားခဲ့ပါသည်။

**ကျေးဇူးတင်စွာဖြင့်**
**မင်းတခေတ်**

(၁)

"ဟော့ကောင် မပြေးနဲ့ ခုရပ်စမ်း"

ကိုကျော်ညွန့်ကို မြင်ကတည်းက ပြေးဖို့ ဟန်ပြင်နေသည့် ငဖုံးတစ်ယောက် အထက်ပါ ရေခဲငွေ့သီပြီး ချွေကလီးယား ဆန်လွန်းလှသည့် အသံကြောင့် ရုတ်ခြည်း လျှပ်စစ်မီး ပျက်သွားသလို လှုပ်ရှားမှုတွေ ရပ်တန့်သွားသည် ။ သို့သော် ငဖုံးက ပြဿနာ တစ်ခုမဟုတ် တစ်ခုကို ရင်ဆိုင်ဖြေရှင်းရတိုင်း ပြုံးလေ့ရှိသည့် အပြုံးကို အလျင်စလို ထုတ်သုံးလိုက်၏။

"အဟဲ ကိုကျော်ညွန့်ကြီးပါလား ဘယ်လဲ လက်ဖက်ရည်ဆိုင်ပဲလား"

"ဟေ့ကောင် ငဖုံး  မင်းအပိုတွေ ပြောမနေနဲ့ ၊ မင်းရှုပ်ကွက်ထဲမှာ အဲလို ရှုပ်လို့ ရှုံးရောက် ဂါတ်ရောက် ပေါင်းလည်း များ ပြီ၊ ဒါက ထားပါ၊ မင်းကိစ္စပဲ၊ အခုဟာက ငါ့ဟာငါ ပေးနိုင်ကျွေးနိုင်လို့ အငယ်ထားတဲ့ ကိစ္စကို ငါ့မိန်းမကို ဘာအတွက် ချွန်တွန်းလုပ်ရတာလဲ"

"အဟော ဒါလား ကျွန်တော်က ကိုကျော်ညွန့်ကြီးကို ချစ်လို့ နောက်လိုက်တာပါ အဟဲ"

"နောက်လိုက်တာ ဟုတ်လား၊ အခု ငါတို့ လင်မယား မင်းကြောင့် ကွဲပြီကွ၊ အဲဒါ မင်း ဘယ်လိုလုပ်မလဲ"

"ကျွန်တော် တောင်းပန်ပါတယ်ဗျာ၊ အဲလောက် ဖြစ်သွားလိမ့်မယ်လို့လည်း မရည်ရွယ်ပါဘူးဗျာ၊ ပြီးတော့ ကိုကျော်ညွန့်မှာ အဲလို အငယ်ရှိမှန်းလည်း ကျွန်တော်မသိပါဘူး"

"ဒါဆို ငါ့မိန်းမကို ဘာကိစ္စ ပါးစပ် သွားကမြင်းရတာလဲ"

"ဝါသနာပါ အဲလေ နောက်လိုက်တာပါဆို"

မသိဘဲ ရမ်းပြောက အနောက်ခံလိုက်ရပြီး လင်မယားချင်း ကွဲသွားရသည် ကို သိလိုက်ရသဖြင့် ကိုကျော်ညွန့်၏ ရှိရင်းစွဲ ဒေါသအရှိန်တို့ က

တရိပ်ရိပ်လိုမ့် တက်လာပုံရ၏။ မြောက်တက်စ ပြုလာသည့် လက်သီး တစ်စုံကို အတွေ့အကြုံရ ငဖုံး မြင်တွေ့ပြီးဖြစ်သဖြင့် လက်သီးမိုးမရွာခင် အမြန် လစ်ထွက်ခဲ့လေတော့၏။

"ငဖုံး မပြေးနဲ့ ဟာကွာ၊ တောက် မင်းပြေးနိုင်တုန်း ပြေးတာပေါ့ကွာ၊ အဟွန်းဟွန်း"

ကိုကျော်ညွန့်တစ်ယောက် မည်သို့မည်ပုံ ကျန်ခဲ့သည် ကို တွေးမနေနိုင်အားပါ။ လွတ်ရာကျွတ်ရာ သို့သာ အမြန်ရောက်ဖို့ အရေးကြီးနေ၏။

ငဖုံး။ ငဖုံးဆိုသည် က ဟောသည့် ရပ်ကွက်ထဲမှာ နာမည်တစ်လုံးနှင့် နေလာသည့် အကောင်။ နာမည်ကောင်းနှင့် တော့ မဟုတ်။ အရုပ်ထုပ် ငဖုံးအဖြစ်နှင့် သာ။ ငဖုံးက မျက်နှာ ပြောင်သလောက် ငဖုံးညီမ နှင်းဖွေးကတော့ အတော်ရင့်ကျက် တည်ငြိမ်၏။ ယနေ့ခေတ် မြန်မာမိန်းကလေး အတော်များများမှာ တွေ့ရခဲလှသည့် ဣန္ဒြေ ဆိုသည့် အရာနှင့် ပိတုန်းရောင် ဆံကေသာတို့ ကို အရုပ်ထုပ် ငဖုံး၏ ညီမ နှင်းဖွေးတွင် အပြည့်အဝ တွေ့မြင်နိုင်၏။ သူမကလည်း အစ်ကိုဖြစ်သူ ငဖုံးနည်းတူ ဟောသည့် ရပ်ကွက်ထဲတွင် နာမည်ကြီးသူ တစ်ဦးပါပင်။

မရိုးလွန်း မယဉ်လွန်းသည့် သူမ၏ ဝတ်စားဆင်ယင် သွားလာ ပြောဆိုမှုတို့ က ယဉ်ကျေး ပျူငှာလှသလို ခေတ်နောက်ကိုလည်း ကျမကျန်ခဲ့ပါ။ သူမ၏ ရိုးသားဖြူစင်ပြီး ပေါ်လွင်လွန်းလှသည့် မိန်းမ တစ်ယောက်၏ အချိုးအဆစ် ကိုယ်နေဟန်ထားနှင့် ချောမောလှပမှု တို့ အပြင် နာမည်ကြီး ကုမ္ပဏီတစ်ခု၏ ဒုမန်နေဂျာဆိုသည့် ဂုဏ်ဒြပ် တစ်ခုကိုပါ ထည့်ပေါင်းလိုက်တော့ သူမက သည် ရပ်ကွက်ထဲတွင် ပြိုင်ဘက်မရှိ အလှဘုရင်မ ဘွဲ့ကို ရယူထား၏။

အမေမုဆိုးမကို လုပ်ကိုင်ကျွေးမွေးရင်း လိမ္မာရိုကျိုးစွာ ဘဝကို အေး

ဆေး တည်ငြိမ်မှုနှင့် ဖြတ်သန်းနေပါသော်လည်း သူမတို့ သားအမိမှာ ငဖုံးအတွက် မကြာခဏဆိုသလို အရှက်တကွဲ အကျိုးနည်း ဖြစ်နေခဲ့ရသည် သာ။ ငဖုံးကြောင့် ရဲစခန်းဆိုသည့် စကားလုံးနှင့် သူမ အတန်အသင့် ရင်းနှီးကျွမ်းဝင်ခဲ့ရ၏။ ရပ်ကွက် ရုံးဆိုသည် ကတော့ သူမတို့ သားအမိ အတွက် အိမ်ဦးနှင့် ကြမ်းပြင်ပင်။ တစ်လောက ပြဿနာတစ်ခုဆိုလျှင် တစ်ဖက်မိသားစုကို အတော်ကလေး အောက်ကျို့အသနားခံ ရှင်းယူရသည် ။ ပြဿနာလား။ ပြဿနာက သည် လို။

ငဖုံးဆိုတဲ့ အကောင်လေ။ ဗီဇကိုက ဘယ်လိုဗီဇမှန်းမသိဘူး။ တစ်နေ့တစ်နေ့ကို တစ်ယောက်ယောက် ကိုမှ မစလိုက် မနောက်လိုက်ရရင် စားမဝင် အိပ်မပျော်ဘူးထင်ရဲ့ ။ နောက်ပြီး ငဖုံးက မွေးရာပါဗီဇအရ တစ်ပါးသူကို စတယ် နောက်တယ် ဆိုပေမဲ့ တစ်ပါးသူကို ဒုက္ခရောက်လောက်အောင်တော့ ဘယ်တော့မှ မနောက်တတ်ပါဘူး။ အဲ ဒါပေမဲ့ တစ်ခုတော့ရှိတယ်။ ဒီကောင် ငဖုံးက ပါးစပ် စီးတယ် ပြောရမလားပဲ။ သူပြောလိုက် နောက်လိုက်တဲ့ စကားက မရည်ရွယ်ပါဘဲ တကယ် ဖြစ်ဖြစ်နေတတ်တဲ့ ကိစ္စပဲ။ ဥပမာပြောရရင် ကိုကျော်ညွန့်ကြီးရဲ့ ပြဿနာကိုပဲ ကြည့်လေ။ သူက မရည်ရွယ်ဘဲ ပျော်စေ ပျက်စေသဘောနဲ့ မိန်းမဖြစ်သူကို "ခင်ဗျား ယောကျ်ားက Small စွဲနေတယ်၊ ခင်ဗျား လွှတ်မထားနဲ့ နော်" လို့ နောက်လိုက်တာ။ ကိုကျော်ညွန့်မှာ တကယ် Small ထားထားတဲ့ ကိစ္စ ပေါ်သွားလို့ လင်မယားချင်း ကွဲကြပါရောလား။ တကယ်ဆို ငဖုံးက ဘာမှ သိတာ မဟုတ်ဘူး ရယ်။ ဒီတော့လည်း တရားခံက ထုံးစံအတိုင်း အရှုပ်ထုပ် ငဖုံးပဲပေါ့။ တစ်လောက ပြဿနာကလည်း ဒီအတိုင်းပဲ။

ဒင်းက မနက်မိုးလင်းကတည်းက ဘယ်သူ့ကို ဘယ်လို ချောက်ချရမလဲ၊ တွေးတောနေတတ်တဲ့ အကောင်ကိုး။ ထွက်လိုက်တဲ့ မဟုတ်မဟတ်

အကြိုကလည်း တောင်ပုံရာပုံပဲ။ အခုလည်း ကြည့်လေ။ ဒင်းက မိုးလင်းကတည်းက ရပ်ကွက်ထဲမှာ တွေ့သမျှလူကို ညနေလေးနာရီ အဘမောင်တို့ အိမ်ကို အသက် ၅၀ ပြည့်မွေးနေ့ မုန့်ဟင်းခါးစား လာခဲ့ဖို့ အကြောင်း လျှောက်ပြောသတဲ့ လေ။ ဖြစ်ချင်တော့ အဘမောင်က အဲဒီနေ့လယ် ၁ နာရီမှာ ပဲ လူကြီးရောဂါနဲ့ ဆုံးသွားပါရောလား။ ရပ်ကွက်ထဲမှာ လူတွေကလည်း ဘာမသိညာမသိနဲ့ ဝတ်ကောင်းစားလှတွေနဲ့ မုန့်ဟင်း ခါးစား လာကြတော့ ပြဿနာက တက်ပြီပေါ့။ အသုဘဖြစ်လို့ ပူဆွေးသောက ရောက်နေတဲ့ အိမ်ကိုမှ နောက်ရကောင်းမလား ဆိုပြီး င ဖုံးကို ရဲစခန်း သွားတိုင်ကြတာ နှင်းဖွေးတို့ သားအမိ မနည်း တောင်းပန်ယူရပါတယ်ဆို။

ကဲ သလောက်ဆို အရှုပ်ထုပ် ငဖုံးရဲ့ ဗီဇနဲ့ ဇကို ခင်ဗျားတို့ သဘောပေါက်လောက်ရောပေါ့။

***

(၂)

သည် ကနေ့တော့ လမ်းထိပ်က "မှတ်ကြီး" လက်ဖက်ရည်ဆိုင်မှာ ငဖုံးတစ်ယောက် ကျောက်ချ နေပါ၏။ အကောင်းတော့ မဟုတ်။ လူက ထပြန်ချင်ပေမဲ့ ရှင်းစရာ ပိုက်ဆံမရှိ၍ မထရဲသေး။ ရပ်ကွက်ထဲက ဆိုင်ဆိုပေမဲ့ ငဖုံး ဘယ်သူ့ကိုမှ အကူအညီ မတောင်းရဲပါ၊ တောင်းလျှင်လည်း ပေးကြမည်မဟုတ်။ ငဖုံးဆို အကြောင်းသိ လူအားလုံးက ဝေးဝေးက ရှောင်ကြကုန်၏။

"တောက်ကွာ ဒီနေ့မှ ငါ့လက်ဖက်ရည်ဖိုး ရှင်းပေးမယ့် ဘယ်သကောင့်သားမှ မလာကြဘူး"

"ဟော့ ကျဆိမ့်တစ်ခွက်ဟော့ ပန်းချီဆရာလေး အောင်ဌေးလာတယ်ဟော့"

ဆိုင်ရှင်မှတ်ကြီး၏ အော်သံကြောင့် အရှုပ်ထုပ် ငဖုံးတစ်ယောက် ပန်းချီ ဆရာလေးထံသို့ အာရုံ အစုံ ပုံကျသွား၏။ ပန်းချီဆရာလေး အောင်ဌေးကတော့ သူ့ပင်ကိုဟန်အတိုင်း မည်သူ့ကိုမျှ ဂရုပြုမနေဘဲ ရှေ့တူရူ လမ်းမထက်သို့သာ တွေးတွေး ဆွေးဆွေးလေး ငေးမောနေပါ၏။

ပန်းချီဆရာလေး အောင်ဌေးက ပင်ကိုဗီဇကိုက ခပ်အေးအေး နေထိုင်တတ်သူ ဆိုပေမဲ့ သည် ရပ်ကွက်ကလေး ထဲမှာ တော့ အင်မတန် လူပြောများ ခံရသူ ဖြစ်၏။ တခြားတော့မဟုတ်။ အောင်ဌေးက အသက်

အရွယ် ၃၀ ဝန်းကျင် လူပျိုလူလွတ် လူငယ်တစ်ယောက် ဖြစ်ပေမဲ့ သူ့ရုပ် ပိုင်းဆိုင်ရာမှာ လူငယ်တစ်ယောက်၏ ဂုဏ်သတ္တိတွေကို မတွေ့ရချေ။ အောင်ဒွေးသည် မြန်မာပြည်၏ ရောင်းတန်းဝင် ပရော်ဖက်ရှင်နယ် ပန်းချီဆရာ တစ်ဦးဖြစ်၍ ငွေကြေး အင်မတန် တောင့်တင်းသူတစ်ဦး ဖြစ်သော်လည်း အမြဲလိုလို ဆံပင်ဘုတ်သိုက်၊ နှုတ်ခမ်းမွေးစစနှင့် အဆွေး ရောင် တောက်တောက် မျက်ဝန်းအစုံတို့ ကိုသာ ထာဝရ ဆင်မြန်းထား သူ ဖြစ်၏။ စတစ်လက်ရှည် အဖြူရောင်နှင့် အနက်ရောင် အညိုမှိုင်းမှိုင်း အဆင်းရှိသည့် ပုဆိုး တို့ ကိုသာ အမြဲ ဝတ်ဆင်ထားလေ့ရှိပြီး လူကို မြင်လိုက်သည် နှင့် ရိုးသားသူ တစ်ဦးဖြစ်မှန်း ပေါ်လွင်လှ၏။

ပန်းချီဆရာလေးသည် မုဆိုးမအမေဖြစ်သူတစ်ဦးနှင့် အတူတကွ နေထိုင်လျက်ရှိပြီး သူ့ဘဝကို အမေဖြစ်သူနှင့် ပန်းချီကားချပ်များ အပေါ် တွင် သာ ထာဝရ မြှုပ်နှံထားပုံရသည် ။ သူ၏ နောက်ထပ် လူပြောအများ ဆုံး အချက်က အစွဲအလမ်းကြီးခြင်းနှင့် စကားပြောနည်း ခြင်း၊ စကားပြောလျှင်လည်း တိုတိုပြတ်ပြတ် ဘုဂလန့် ပြောတတ်ခြင်းပ င် ဖြစ်၏။ ဟောသည့် မှတ်ကြီး လက်ဖက်ရည် ဆိုင်ကလေးကို ညနေ ၃ နာရီ ပတ်ဝန်းကျင်တွင် ပုံမှန် လာလေ့ရှိပြီး လာလျှင်လည်း သူထိုင်နေ ကျ ထောင့်အစွန်းဆုံး စားပွဲမှ လွဲ၍ မည်သည့် စားပွဲကိုမှ မထိုင်။ အက ယ်၍ လူရှိနေလျှင်လည်း ထိုစားပွဲနံဘေးတွင် အသာ မတ်တတ်ရပ်ပြီး ထိုလူများ မပြန်မချင်း စောင့်နေတတ်သည် ။ ပြီးမှ အသာဝင်ထိုင်ပြီး သူ့ ခရေဇီ ကျဆိမ့်တစ်ခွက်ကို လမ်းမဘက်သို့ မမှိတ်မသုန် ငေးစိုက်ကြ ည့်ရင်း အရသာခံ သောက်နေတတ်သူ ဖြစ်၏။

ငဖုံးတစ်ယောက် ပန်းချီဆရာလေး အောင်ဒွေးအကြောင်းကို သိ သော်လည်း အခြေအနေနဲ့ အချိန်အခါအရ ဝင်လုံးဖို့ ဆုံးဖြတ်လိုက်၏။ သို့သော် မျက် ခုံးတော့ ခပ်လှုပ်လှုပ်ပင်။

"ကိုအောင်ဌေး အဟီး တစ်ယောက်တည်းလား"

မျက်နှာပြောင်တတ်လှသည့် ငဖုံးတစ်ယောက် ဘေးစားပွဲက ပန်းချီဆရာလေးကို ရှေ့မျက်နှာ ရှေ့ထားပြီး မျက်နှာချိုသွေး နှုတ်ဆက်သော်လည်း တစ်ဖက်က မကြားဟန် ဆောင်ထားသည် လား တကယ် မကြားသည် လား မပြောတတ်ချေ။ တုတ်တုတ်မျှမလှုပ်။

ဟွန်း။ ဒီအချိုးမျိုး လောက်ကတော့ ငဖုံးအတွက် ရိုးဟိုးတောင်နေပြီ ။ စပ်ဖြဲဖြဲနဲ့ ပန်းချီဆရာ စားပွဲကိုတောင် ပြောင်းထိုင်လိုက်သေး။

"ကိုအောင်ဌေး ကျွန်တော် ထိုင်မယ်နော်"

ပန်းချီဆရာလေးက အသံကြောင့် ငဖုံးကို တစ်ချက် ကြည့်လိုက်ပြီး ပုံမှန်အတိုင်း လမ်းမဘက်သို့ မျက်နှာ မူသွား၏။ ပြီးမှ မပြုံးမရယ် ရုပ်တည်ကြီးဖြင့်-

"ခင်ဗျား ထိုင်ပြီးနေပြီပဲဗျာ၊ ကျုပ်က ထသွားပါလို့ လည်း ပြောပိုင်ခွင့် မရှိဘူးလေ၊ ဒါ အများ ထိုင်လို့ ရတဲ့ လက်ဖက်ရည်ဆိုင်ပဲ" ဟု အသံ ခပ်လေးလေး နှင့် ဆိုလာသဖြင့် ငဖုံးတစ်ယောက် ဖြုံသွားသည် ။ သို့သော် ။

"အဟဲ ဒီလိုပါ ကျွန်တော်က ဒီရပ်ကွက်ထဲကပါပဲ၊ ပြီးတော့ ကျွန်တော်က ငယ်ငယ်လေးကတည်းက ပန်းချီပညာကို ဝါသနာပါတာဗျ၊ ကျွန်တော်တို့ ရပ်ကွက်ထဲမှာ ကိုအောင်ဌေးလို နာမည်ကျော် ပန်းချီဆရာ တစ်ယောက်ရှိတော့ ရပ်ကွက်လည်း ဂုဏ်တက်တာပေါ့ဗျာ၊ ငယ်ငယ်က ပန်းချီအပေါ်မှာ ကျွန်တော့်ရဲ့ ရူးသွပ်မှုက"

"ကျုပ်အမြင်အရ ခင်ဗျားလည်း သိပ်မကြီးသေးပါဘူး၊ ကြိုးစားရင် ဖြစ်နိုင်ပါသေးတယ်"

"အဟဲ ဟုတ်ကဲ့ ကျွန်တော့်နာမည်က ငဖုံးပါ၊ နောက်တွေ့ရင်လည်း "

"ကျုပ် လူတစ်ယောက်ရဲ့ ဝိသေသပညတ်ချက် အမည်နာမတွေကို စိတ်မဝင်စားဘူး"

"အင်း"

ပန်းချီဆရာ၏ ဒုတိယ အကြိမ်မြောက် ဖြတ်ပြောလိုက်သည့် ဘုကျကျ စကားကြောင့် ငဖုံးတစ်ယောက် အတော် နင်သွားရသည် ။

" မဟုတ်ဘူး လေ ကျွန်တော် ပြောချင်တာက"

"ဟိုး ဟိုးထား ခဏလေး ခင်ဗျားပါးစပ်ကို ပိတ်ထားစမ်းပါ"

ငဖုံးတစ်ယောက် ပန်းချီဆရာ၏ လက်တကာကာ အလျင်စလို ဟန်ပန်ကြောင့် ခေတ္တ ကြောင်ငေး သွားရ၏။ ပန်းချီဆရာ၏ မျက်ဝန်းအကြည့်တွေက မကြာမီ သည် လက်ဖက်ရည် ဆိုင်ရှေ့ကနေ ဖြတ်သွားတော့မည့် မိန်းမချောကလေးထံသို့။ သူ့မျက်ဝန်း အဓိပ္ပာယ်ကို ဘာသာပြန်ရန် အလွန်ခက်ခဲလှမည် ထင်ပါသည် ။ မက်မော မြတ်နိုးမှုတို့ ခပ်ပါးပါး ရောယှက်နေမည်ဟု ထင်ရသော်လည်း ထိုအကြည့်မှာ ရမ္မက်မဆန်လှပါ။

ငဖုံး ခင်ဗျား လမ်းမပေါ်က မိန်းမချောလေးတစ်ဦးကြောင့် အံ့ဩတကြီး ဖြစ်နေမိ၏။ ထိုအံ့ဩမှုနှင့် အတူ တစ်စုံတစ်ခု အတွက် ဝမ်းသာမှုတို့ ပါ ကပ်ပါလာခဲ့၏။ ထိုမိန်းမချောလေးမှာ တခြားသူမဟုတ်ပေ။ ငဖုံး၏ တစ်ဦးတည်းသော ညီမချောလေး နှင်းဖွေးပင် ဖြစ်၏။

နှင်းဖွေးက သူမဟန်အတိုင်း ထူးမခြားလှစွာ ကြန့်ကြရရကလေး လမ်းလျှောက်လာ၏။ လက်တစ်ဖက်က ထမင်းချိုင့် ခပ်သေးသေးလေး ပါ

ဝင်သည့် တရုတ်ဖြစ် လက်ဆွဲခြင်း ပန်းရောင်ကလေးကို ဆွဲထားသည် ။ လက်ဖက်ရည်ဆိုင်ရှေ့က ဟန်မပျက် ဆက်လျှောက်လျက်မှ အစ်ကိုဖြစ်သူ စားပွဲကို တစ်ချက် ဝေ့ကြည့်လိုက်ပြီး သူမ လမ်းအတိုင်း ဆက်လျှောက်သွားပါ၏။

ပန်းချီဆရာလေး အောင်ဌေးကတော့ သူမကို မျက်စိတစ်ဆုံး ငေးမောကြည့်ပြီးမှ သက်ပြင်း တစ်ချက် ချလိုက်ပြီး လက်ဖက်ရည် တစ်ငုံကို ငုံ့သောက်လိုက်သည် ။ တစ်စုံတစ်ခုကို သဘောပေါက်သလို ရှိလာသည့် ငဖုံးက-

"ဟာ ငေးလှချည်လား ကိုအောင်ဌေးရယ်၊ ဒါနဲ့ သူ့ကို သိလား"

ကိုအောင်ဌေးက ခေါင်းခါ အဖြေပေးသဖြင့် ငဖုံး အကြံအိုက်သွားပြန်၏။ ပြီးမှ -

"ဒါဆို ဘာဖြစ်လို့ လိုက်ငေးနေတာလဲ" ဟု မေးလိုက်သည် ။

"ကျုပ် ဒီဆိုင်ကို ညနေတိုင်း လက်ဖက်ရည် လာသောက်တယ်၊ ကျုပ် လက်ဖက်ရည် တစ်ဝက်တိတိ ကုန်တဲ့ အချိန်ဆိုရင် သူမ ဒီဆိုင်ရှေ့က ဖြတ်သွားတတ်တယ်၊ အဲသလို ဖြတ်လျှောက်သွားတဲ့ သူ့ကို လိုက်ငေးရင်း လက်ဖက်ရည် သောက်ရတဲ့ အရသာက ကျုပ်ရင်ကို ငြိမ်းချမ်းသွားစေလို့ ပဲ၊ ဒါပေမဲ့ တနင်္ဂနွေနေ့ ဆိုရင်တော့ ကျုပ်ရဲ့ ညနေခင်းတွေက အရောင်မဲ့ပြီး အထီးကျန် ဆန်နေတတ်တဲ့ ကျုပ်ကို ပိုပြီး အထီးကျန် ဆန်သွားစေတယ်"

မိုးကြိုးပစ်။ ဒါဟာ သူ သူစိမ်းတစ်ယောက်နှင့် ပထမဆုံး စကား များများ ပြောဖြစ်ခြင်းပဲ ထင်ပါရဲ့ ။

"အံ့ပါ့ ကိုအောင်ဌေးရယ်၊ ခင်ဗျားက သူ့ကို နေ့တိုင်းတော့

လာထိုင်ကြည့်ပြီး နာမည်လေးတောင် မသိဘူးလား၊ ပြီးတော့ ခင်ဗျား ကသာ မသိတာ သူက ခင်ဗျားကို သိတယ်ဗျ။ အဲဒီကောင်မလေး နာမည် က နှင်းဖွေးတဲ့ ၊ ( ...)ကုမ္ပဏီက ဒုမန်နေဂျာ ရာထူးနဲ့ အလုပ်လုပ်တယ်"

သည် တစ်ခါ ငဖုံးစကား အဆုံးမှာ တော့ ပန်းချီဆရာ အောင်ဋ္ဌေးတ စ်ယောက် ငဖုံးမျက်နှာကို စေ့စေ့ကြည့်ပြီး စကားစလာ၏။

"ဟာ ခင်ဗျားက သိလှချည်လား"

"သိဆို နှင်းဖွေးက ကျုပ်ညီမ အရင်းလေးဗျာ"

"ဟုတ်လား ကျုပ်ကလည်း ကျုပ်စိတ်ဝင်စားတဲ့ အရောင်တွေရဲ့ ဇာ စ်မြစ်ကလွဲပြီး တခြား ဘယ်အရာဝတ္ထုရဲ့ ဇာစ်မြစ်ကိုမှ စိတ်ဝင်စားမှု မ ရှိတော့ ယုတ်စွအဆုံး သူ့နာမည်တောင် ကျုပ် စိတ်မဝင်စားခဲ့ဘူးဗျာ"

ရာသီဥတုက ကိုယ့်ဘက် ပါ လာပြီ ဆိုတာကို ကောင်းကောင်း သ ဘောပေါက်သည့် ငဖုံးက တစ်ခုခုကို အစပျိုးဖို့ လမ်းကြောင်း ထွင်လိုက် ပုံရ၏။

"ဒါနဲ့ နေစမ်းပါဦး၊ ခင်ဗျား ကျွန်တော့်ညီမကို ဒီလို လာထိုင်ငေးနေ တာ ဘယ်လောက်ကြာပြီလဲ"

"ပြောရရင်တော့ တစ်နှစ်နဲ့ လေးလ ဒါထက်တိကျအောင် ပြောရရင် တစ်နှစ်လေးလရဲ့ ၁၉ ရက်တိတိရှိပြီ"

"ဩော် အဲဒါကြောင့် ညီမလေးက ခင်ဗျားအကြောင်း မေးတာဖြစ်မ ယ်"

"ဘယ်လိုဗျ ခင်ဗျားညီမလေးက ကျုပ် ကျုပ်အကြောင်းတွေ မေးတ ယ် ဟုတ်လား"

ငဖုံးက လိုသလို ပုံသွင်းခွင့် ရသွားသည့် ပန်းပုဆရာတစ်ယောက်ရဲ့ အပြုံးလို ပြုံးပြုံးကြီးဖြင့် ခေါင်းညိတ်ပြ၏။

"ဘာတွေ မေးတာလဲဗျ"

"မေးတာကတော့ အစုံပဲ၊ ကျွန်တော်လည်း သိတော့ မမှတ်မိတော့ဘူး၊ ဥပမာ ခင်ဗျားက ဘာအရောင်တွေ ကြိုက်တတ်လဲ၊ ဘယ်လို မိန်းကလေးမျိုးကိုမှ စိတ်ဝင်စားတတ်လဲ ထမင်းစားရင် ဘယ်ဟင်းကို ပိုကြိုက်သလဲ၊ အဲ အဲဒါမျိုးတွေပေါ့ဗျာ"

ငဖုံးက ပါးစပ်ထဲ တွေ့ကရာတွေကို လျှောက်ပြောနေခြင်း ဖြစ်သည်။ ဒါကို မသိရှာသည့် ပန်းချီဆရာလေး ခမျာမှာ တော့ ရှက်စိတ်တချို့တစ်ဝက်နှင့် အတူ အံ့သြဝမ်းသာမှုတို့ ပါ ထကြွလာမှုကြောင့် မနေတတ် မထိုင်တတ်ပုံစံဖြင့် ဖြေရှာပါ ၏။

"ကျုပ်က ဘာအရောင်တွေ ဘယ်ဟင်းတွေ ကြိုက်တတ်တယ် ဆိုတာတော့ အမှတ်တမဲ့မို့ မပြောတတ် သေးဘူး၊ အဲ ကျုပ်စိတ်ဝင်စားတဲ့ မိန်းကလေးမျိုးကတော့ အားတော့ နာတယ်ဗျာ၊ ခင်ဗျားညီမလို မိန်းကလေးမျိုးကိုမှ စိတ်ဝင်စားတာဗျ"

တခြား ယောကျ်ားသားသာဆို သည် လိုနေရာမျိုးမှာ ကိုယ့်နှမကို စော်ကားသလို ပြောလာသည့် ပန်းချီဆရာရဲ့ ရိုးသားပွင့်လင်းတဲ့ စကားကို ဒေါသထွက်မိမှာ အမှန်ပင် ဖြစ်သော်ငြားလည်း ငဖုံးအတွက်ပင်မူ။

"ကြိုက်တယ်ဗျာ၊ ကျွန်တော်က ကိုအောင်ဌေးလို ဟန်ဆောင်မှုကင်းတဲ့ အဲသလို ပွင့်ပွင့်လင်းလင်း လူမျိုးကိုမှ သဘောကျတာ၊ အနုပညာသမား ပီသပါ ပေတယ်ဗျာ၊ ဒီအကြောင်းသာ ကျွန်တော့် ညီမလေးသိရင် အရမ်းဝမ်းသာမှာ ဗျ"

"ဘာဖြစ်လို့ လဲဗျ"

"ဘာဖြစ်ရမလဲ ကိုအောင်ငွေး အကြောင်းကို ညီမလေးက တဂျီဂျီ မေးနေတာ ကြာပြီလေ၊ ဟော အခု နှင်းဖွေးက ခင်ဗျားနဲ့ ကျွန်တော် အတူထိုင်နေတာကို တွေ့သွားပြီဆိုတော့ မရမက နားပူနားဆာ လုပ်ရင် ကျုပ် တစ်ခုခု ပြောနိုင်ပြီလေ၊ ဒီတော့ ဒီလိုလုပ်ဗျာ"

"ပြောပါခင်ဗျာ"

ပန်းချီဆရာ၏ လေယူလေသိမ်းကြောင့် ငဖုံးတစ်ယောက် ကျိတ်ပြုံး လိုက်မိ ၏။

"ခင်ဗျား အိမ်ရောက်ရင် စာရွက်တစ်ရွက်ရဲ့ ခင်ဗျား ကြိုက်တာတွေ မကြိုက်တာတွေ ချရေးလာခဲ့ဗျာ၊ ဟုတ်ပြီလား"

"အင်း ဒါဆိုရင် ခင်ဗျားညီမ နှင်းဖွေးကိုလည်း ပြောပေးပါ၊ နောက် ထပ် သိချင်တဲ့ ကျွန်တော့် အကြောင်းတွေနဲ့ နှင်းဖွေးအကြိုက်တွေ မကြို က်တာတွေကို ပြန်ရေးပေး လိုက်ပါလို့ "

"Ok ဒါဆို ကျွန်တော်တို့ အဆင်ပြေပြီ၊ ကဲ ကျွန်တော်လည်း ထိုင်နေ တာကြာပြီ ဆိုတော့ ပြန်ဦး မယ်ဗျာ၊ မနက်ဖြန်မှ ထပ်ဆုံကြတာပေ့ါ၊ မှ တ်ကြီးရေ လက်ဖက်ရည်ဖိုး ရှင်းမယ်ဟေ့ ပန်းချီဆရာ အတွက်ပါ ထည့် တွက်လိုက်"

ငဖုံးက မှ င်ကောင်းကောင်း ဖြင့် ပန်းချီဆရာနှင့် စကားပြောရာမှ ဆိုင်ရှင် မှတ်ကြီးကိုပါ ငွေရှင်းဖို့ လှမ်းအော်နေသဖြင့် မှတ်ကြီးတစ် ယောက် နားကြားလွဲသလား ဟု ပင် ထင်နေ၏။

ဟုတ်တယ်လေ၊ ဒီကောင်က ကိုယ့်လက်ဖက်ရည်ဖိုးတောင် အနိုင်နို င်မို့လား၊ ဆိုင်မှာ ပြည့်နေတဲ့ အကြွေးစာရင်းတွေပင် မနည်း။ ဒါကို ဒင်း

က ပန်းချီ ဆရာအတွက်ပါ ထည့်ရှင်းမည်ဆိုတော့ အင်း ---
ကြားသားမိုးကြိုးပေါ့။ ဒါကို ပန်းချီဆရာလေးက အရိုးခံဖြင့် -

"ဟာ မဟုတ်တာ ထားခဲ့ပါ၊ ကျုပ်ပဲ ရှင်းလိုက်ပါ့မယ်၊ မနက်ဖြန်ကျ ရင်သာ ဒီနေရာ ဒီအချိန်ကို ရောက်အောင် လာခဲ့ပါ၊ ကျုပ် နှင်းဖွေးအတွက် စာရင်း အသေအချာ ရေးခဲ့ပါ့မယ်"

ဒီယုံမြင်လို့ ဒီချုံထွင်ခဲ့သည့် ငဖိုးတစ်ယောက် ရေငတ်တုန်း ရေတွင်းထဲ ပစ်ကျသွား၏။

"စိတ်ချ ကိုအောင်ဌေး ကျွန်တော် လာခဲ့မယ်၊ ကျွန်တော် ရှင်းခဲ့ပါ့မယ်"

"မလုပ်ပါနဲ့ ဗျာ သွားပါ"

ငဖိုးတစ်ယောက် ပန်းချီဆရာ စကားအဆုံးမှာ ခပ်တည်တည်ဖြင့် ထပြန်လာခဲ့၏။ ပန်းချီဆရာကတော့ တစ်ခုခုကို တွေးဆဟန်ဖြင့် ပြုံးနေသည် ။ ဆိုင်ရှင် မှတ်ကြီးခမျာမှာ တော့ အရှုပ်ထုပ် ငဖိုးနှင့် ပန်းချီဆရာတို့ ဆက်ဆံရေးကို နားမလည်နိုင်စွာဖြင့် အံ့သြတကြီး ဖြစ်နေမိ၏။ တလေနေလို့ စကားတစ်ခွန်း မဆိုတတ်သည့် ပန်းချီဆရာ လူ့ခွစာ ဘုဂလန့် ပန်းချဆရာနှင့် အော်ကြောလန် အရှုပ်ထုပ်ငဖိုးတို့ ၏ စကားဝိုင်းကြောင့် မှတ်ကြီးပင် ပန်းချီဆရာကို ကျအောင် စွမ်းဆောင်နိုင်သည့် ငဖိုး အရည်အချင်းကို အထင်ကြီးမိချင်သလိုလို ဖြစ်ခါနေပါလေတော့၏။

*****